**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**သစ်တောဦးစီးဌာန**

အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၂၁

၁၃၈၂ ခုနှစ်၊ နတ်တော်လဆုတ်(၁၀)ရက်

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

**အိတ်ဖွင့်တင်ဒါအောင် လုပ်ကွက်ဧရိယာ ပြန်လည်သိမ်းဆည်းခြင်း**

၁။ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် သစ်တောမြေများတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ တိုင်းဒေသကြီး(၆)ခုရှိ သစ်တောမြေ (၈၇၀၇၉)ကေ၊ လုပ်ကွက်(၃၅)ကွက်၊ လုပ်ငန်းရှင်(၁၉)ဦးတို့ကို တင်ဒါအောင်မြင်သူများအဖြစ် ၂၉-၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ လင/စခ/၀၃၅(၄၃၂-၄၆၀/၂၀၁၅)၊ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် ကြေညာခဲ့ပါသည်။

၂။ အဆိုပါတင်ဒါအောင်မြင်သူများအနက် သက်ရတနာဖြိုးကုမ္ပဏီလီမိတက်က တင်ဒါအောင်မြင်ခဲ့သည့် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၊ တင်ဒါလုပ်ကွက်အမှတ်(၅)၊ မြေဧရိယာ(၃၅၉၃)ကေအနက်မှ စိုက်ရန်ကျန်ရှိမြေဧရိယာ(၂၇၄၆.၂၄)ကေကို ဌာနမှ မြေပြန်လည်သိမ်းဆည်းရန်ကိစ္စအပေါ် ၁၈-၁၁-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ တင်ဒါကော်မတီ(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ)၏(၂/၂၀၂၀-၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ ၂၄-၁၂-၂၀၂၀ ရက်နေ့အစည်းအဝေး၏ အတည်ပြုချက်နှင့် သစ်တောဦးစီးဌာနနှင့် ကုမ္ပဏီတို့အကြား ချုပ်ဆိုထားသည့် နှစ်ရှည်မြေငှားရမ်းခြင်း နှစ်ဘက်သဘောတူစာချုပ် စည်းကမ်းအပိုဒ် ၁၂-၁ (င)တို့အရ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ(၈)ရက်နေ့ မှစ၍ ပြန်လည် သိမ်းဆည်းလိုက်သည်။

ဒေါက်တာညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

စာအမှတ် ၊ လင/စခ/၀၃၅/တင်ဒါ( ၂၉၅ /၂၀၂၁)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်
မိတ္တူကို
ပြည်ထောင်စုဝန်ကြီးရုံး၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံခန့်ခွဲရေး)၊ သစ်တောဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့်စီမံကိန်း)၊ သစ်တောဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံးစာတွဲ၊ သစ်တောဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေးဌာန
ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာနထံ သစ်တောဦးစီးဌာန Website တွင် ထည့်သွင်း ဖော်ပြနိုင်ပါရန် ပေးပို့အပ်ပါသည်၊
ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
သက်ဆိုင်သူ
အမိန့်ကြော်ငြာစာတွဲ
မျှောစာတွဲ
ရုံးလက်ခံ

အမိန့်အရ

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဖေချစ်၊ ညွှန်ကြားရေးမှူး(သဘာဝတော/စိုက်ခင်း)]